# Myanmar Garment Manufacturers Association

# NEWSLETTER

**JUNE 2023, ISSUE**




## AFTEX 49th Council Meeting and 47th Plenary Session သို့ MGMA မှ ထွေထွေအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ တက်ရောက်

Textile, Apparel, Footwear & Travel Goods Association in Cambodia (TAFTAC) မှကြီးမှူးကျင်းပသည့် AFTEX 49th Council Meeting and 47th Plenary Session သို့ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးအား ဇွန်လ ၁ ရက် နှင့် ၂ ရက်နေ့များတွင် ကမ္ဘောဒီးယားနိုင်ငံ ရှိ Sofitel Angkor Phokeethra Golf and Spa Resort ၌ပြုလုပ်ခဲ့သည်။

စာ - ၂



## မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ

Hong Kong Myanmar Manufacturers' Association (HKMMA) မှဦးဆောင်ကာ မြန်မာနိုင်ငံရှိ နိုင်ငံခြားအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့်အတူ မြန်မာနိုင်ငံ အထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၆ ရက်က Four Seasons Seafood Restaurant ၌ပြုလုပ်ခဲ့သည်။

စာ - ၅

# မာတိကာ

**Activities and News** **Page**


AFTEX 49th Council Meeting and 47th Plenary Session သို့ MGMA မှ အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက် ........ ၂-၃

မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ ........ ၅

The Monthly MGMA Executive Committee Meeting ........ ၇

တစ်ဆင့်မြင့်မော်တာစက်ချုပ်သင်တန်း (အမှတ်စဉ် - ၃) ........ ၈

စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၁၇ - ၁၈) ........ ၉

အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် ( ၂၀ ) ........ ၁၀

အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် ( ၂၁ ) ........ ၁၁

Voluntary Labour Compliance Assessment Program........ ၁၂-၁၃

Raising Awareness on Recommended Diets & Healthy Behaviours and Workplace Nutrition Support to Companies and Factories ........ ၁၄-၁၅


## Upcoming Activities

| *No.* | *Descriptions* | *Date & Time* | *Venue* |
|---|---|---|---|
| 1. | Labour Law Awareness Training | TBC | MGHRDC |
| 2. | Apparel sourcing in Paris | 3-5 July | Paris |
| 3. | Basic Operator level training | TBC | MGHRDC |
| 4. | Networking exchange dinner with 4 garment cluster association | 21 July | TBC |

## Membership Update


New Members in June 2023 ........ ၁၆

Membership update as of June 2023 ........ ၁၆

# ACTIVITIES & NEWS

## AFTEX 49th Council Meeting and 47th Plenary Session သို့ MGMA မှ ထွေထွေအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ တက်ရောက်




Delegates of AFTEX Myanmar

Textile, Apparel, Footwear & Travel Goods Association in Cambodia မှကြီးမှူးကျင်းပသည့် AFTEX 49th Council Meeting and 47th Plenary Session သို့ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးအား ဇွန်လ ၁ ရက် နှင့် ၂ ရက်နေ့များတွင် ကမ္ဘောဒီးယားနိုင်ငံ ရှိ Sofitel Angkor Phokeethra Golf and Spa Resort ၌ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် AFTEX Emeritus Chairman မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး AFTEX Chairman မှ ကြိုဆိုနှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ဒေါ်ခိုင်ခိုင်နွယ်မှ Made in Myanmar ထုတ်ကုန်များသည် မြန်မာ့အထည်ချုပ်လုပ်ငန်းတွင် (responsibly EXIST) တာဝန်ယူမှုရှိစွာဖြင့်ရပ်တည်နေကြောင်း ဖော်ပြထားသည့် မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာအား ဖတ်ကြားတင်ပြခဲ့သည်။ ဆက်လက်၍ AFTEX အဖွဲ့ဝင်များဖြစ်သော ဗီယက်နမ်၊ ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှား၊ လာအို နှင့် ကမ္ဘောဒီးယား တို့မှ ကိုယ်စားလှယ်များက နိုင်ငံအလိုက် အစီရင်ခံစာများကို အသီးသီး ဖတ်ကြားတင်ပြခဲ့ပြီး AFTEX မှ တာဝန်ရှိသူများ စုပေါင်းကာ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

Discussed and sharing ကဏ္ဍတွင် Nicole Vander Elst Desai, (Council member and Chair of Sustainability Steering Committee, Singapore Fashion Council).မှ Sustainability ဆိုင်ရာ အကြောင်းအရာများကို မျှဝေဆွေးနွေးခဲ့သည်။



အစည်းအဝေးသို့ AFTEX အဖွဲ့ဝင်နိုင်ငံများဖြစ်သော Myanmar Garment Manufacturers Association (MGMA), Vietnam Textile and Apparel Association (VITAS),Textile, Apparel, Footwear & Travel Goods Association in Cambodia (TAFTAC),Indonesia Textile Association (API),Association of the Laos Garment Industry (ALGI),Malaysian Textile Manufacturers Association (MTMA), Singapore Textile and Fashion Federation (TAFF), The National Federation of Thai Textile Industries (NFTTI) မှကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။




All Delegates of AFTEX Member Group Photo



Daw Khine Khine Nwe presented about Myanmar country report



MGMA CEC/ECs



During Meeting

CB BANK

Banking Services for

# CMP Business

(Cutting, Making, Packing)



**နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်နေသော
CMP လုပ်ငန်းရှင်ကြီးများ၏ ငွေဝင်ရောက်မှုအား
CB Bank မှ မြန်ဆန်စွာ ဆောင်ရွက်ပေးနေပါပြီ**

Trade Operation
**(+95) 1 378644**

Trade Sale
**(+95) 1 2317698**

www.cbbank.com.mm

# မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ

Hong Kong Myanmar Manufacturers' Association (HKMMA) မှဦးဆောင်ကာ မြန်မာနိုင်ငံရှိ နိုင်ငံခြားအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့်အတူမြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၆ ရက်က Four Seasons Seafood Restaurant ၌ပြုလုပ်ခဲ့သည်။










အစည်းအဝေးတွင် မြန်မာနိုင်ငံရှိ နိုင်ငံခြားအထည်ချုပ်လုပ်ငန်းရှင်များအသင်းတို့မှ အကောက်ခွန်ဦးစီးဌာန၏ ပို့ကုန်နှင့် သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းဆိုင်ရာ ထုတ်ပြန်ချက်နှင့်ပတ်သက်သည့်ကိစ္စရပ်များ၊ စက်ရုံများတွင် ဓာတ်အားရရှိရေး အခက်အခဲများ၊ ဝယ်ယူသူများ၏ အော်ဒါအခြေအနေများ၊ ပြည်တွင်းလုပ်သားအင်အား အခြေအနေ နှင့် လုပ်သားအင်အား ရရှိနိုင်မှုတို့ကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ညစာစားပွဲသို့ မြန်မာနိုင်ငံရှိ အထည်ချုပ်လုပ်ငန်းအသင်းများ ဖြစ်သော မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA), Korea Garment Association in Myanmar (KOGAM), Japan Garment Manufacturers Association (JGMA), Chinese Textile & Garment Association in Myanmar (CTGA) တို့မှဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များတက်ရောက်ခဲ့ကြ သည်။

Simplify your financial management with MoBiz!

MoBiz™

# "FUND IN ANYWHERE FUND OUT ANYWHERE"

**Our platform makes it easy for start-up and medium-sized businesses to manage your finances effectively.**

SAY GOODBYE TO THE HASSLE OF PAPERWORK!




## KYO HTOTE

**Bridges the financial gap between pay periods and can provide a lifeline for employees who need to cover unexpected expenses or emergencies.**

HOTLINE NUMBER
+95 9 776 000 800

FOR MORE INFORMATION
mo.com.mm

DOWNLOAD MoBiz APP
Android
ISO



DHL

# OVERSIZED & HEAVYWEIGHT

## SHIP NOW WITH DHL

Send your large and heavy shipments across the globe with DHL Express, now with increased limits and more possibilities to satisfy your logistics needs!



**PER PIECE LIMITS**

**Weight:**
Up to 1,000kg

**Size:**
- Up to 148 cm long
- Up to 100 cm wide
- Up to 100 cm high

*(up to 180cm upon separate approval)*

**SHIPMENT LIMIT**

**Weight:**
Up to 3,000kg

# လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး





လစဉ်ပုံမှန်ပြုလုပ်လျက်ရှိသော MGMA အလုပ်အမှုဆောင် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၀ ရက်က MGMA အစည်းအဝေးခန်း၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးအား MGMA ၏မန်နေဂျင်းဒါရိုက်တာမှ သဘာပတိအဖြစ် ဦးဆောင်စတင်ခဲ့ပြီး အလုပ်အမှုဆောင်များမှ ဇွန်လ ၁ ရက်နှင့် ၂ ရက်များတွင် ပြုလုပ်ခဲ့သည့် AFTEX Cambodia သို့သွားရောက်ခဲ့သည့် အတွေ့အကြုံများ၊ Intertextile Shanghai Apparel Fabrics – Autumn Edition 2023 တွင်ပူးပေါင်းလုပ်ဆောင်မည့် Buyer Mission ဆိုင်ရာ ကိစ္စရပ်များ၊ Apparel sourcing Paris တွင်ပြုလုပ်မည့် Myanmar Pavilion နှင့်ပတ်သက်သည့်ကိစ္စရပ်များ၊ အသင်းဝင်ကြေးများမပေးသွင်းသည့် စက်ရုံများအတွက် ထုတ်ပြန်ချက် ထုတ်ပြန်ရန်ကိစ္စရပ်များ၊ စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း ၃ ကြိမ်နှင့်အထက် မတက်ရောက်သည့်စက်ရုံများအပေါ် ဆောင်ရွက်ရန်ကိစ္စရပ်များ နှင့် ရုံးခန်းပြန်လည်ပြင်ဆင်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ MGMA ၏ အလုပ်အမှုဆောင်အဖွဲ့ဝင်များမှ တက်ရောက်ခဲ့ကြပြီး ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။







# တစ်ဆင့်မြင့်မော်တာစက်ချုပ်သင်တန်း (အမှတ်စဉ် - ၃)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးပြီး တစ်ဆင့်မြင့်မော်တာ စက်ချုပ်သင်တန်း (အမှတ်စဉ် - ၃) ကို ၂၀၂၃ ခုနှစ်၊ မေလ ၂၉ ရက်မှ ဇွန်လ ၉ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။



Batch – 3 Group Photo

သင်တန်းတွင် MGHRDC သင်တန်းကျောင်းမှ ဆရာမများက အထည်တစ်ခု၏ အစိတ်အပိုင်းများဖြစ်သော (အိတ်ဖုံး၊ ခရုပတ်၊ ပခုံးဒေါက်၊ အိတ်ကပ်၊ ဖေါက်အိတ်ပုံစံအမျိုးမျိုး၊ ရိုးရိုးဇစ်တပ်နည်း၊ ဇစ်ပျောက်တပ်နည်း၊ ကျားဝတ်ဂျာစီ (သဘော်သားလျှာချုပ်နည်း)၊ ရှပ်အင်္ကျီလက်ရှည်တစ်ထည်လုံးချုပ်နည်း၊ ခါးပတ်ပါသည့် A Skirt တစ်ထည်လုံးချုပ်နည်း များကို သင်ကြားပေးသွားမည့်အပြင် အထူးစက်ချုပ်သင်တန်း (၆) မျိုးဖြစ်သော ကြယ်သီးဖေါက်စက်အသုံးပြုနည်း၊ ကြယ်သီးတပ်စက်အသုံးပြုနည်း၊ Bartack Machine, Overlock 5 thread, Overlock 5 thread, 2 Needle များကို သင်ကြားပေးခဲ့သည်။ သင်တန်းတွင် စာတွေ့အပြင် လက်တွေ့လုပ်ဆောင်မှုများပါကို သင်ကြားပေးခဲ့ပြီး သင်တန်းသို့ သင်တန်းသား (၁၀) ဦးတက်ရောက်ခဲ့သည်။





Trainer of MGHRDC Presenting Training Method



Awarded Certificate





Practice Session



Awarded Certificate

# စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၁၇ - ၁၈)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးကာ စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၁၇-၁၈) ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၆ ရက်နှင့် ၂၂ ရက်များတွင် မြန်မာနိုင်ငံအထည်ချုပ်လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။



**Batch – 17 Group Photo**



**Batch – 18 Group Photo**

အဆိုပါသင်တန်းကို MGMA ၏စည်းမျဉ်းစည်းကမ်းများအရမဖြစ်မနေတက်ရောက်သင့်သည့်သင်တန်းဖြစ်ပြီး အသင်းဝင်အထည်ချုပ်စက်ရုံများတွင်အလုပ်သမားဥပဒေလေးစားလိုက်နာမှုခိုင်မာအားကောင်းစေရန်ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။ သင်တန်းတွင် MGMA ၏ Labour Officer ဦးမင်းစိုးဟန်မှ Induction & Employment, Working Hours & Overtime, Paying Wages, Workplace Relations, Settlement of Disputes & WCC and Labour Organization များကို ဆွေးနွေးမှုများ၊ အမေးအဖြေ ကဏ္ဍများဖြင့်သင်ကြားပေးခဲ့သည်။ သင်တန်းသို့ အသင်းဝင်စက်ရုံ (၂၆) ရုံ မှ HR ဌာန နှင့် Production ဌာနမှ ဝန်ထမ်းဦးရေ (၄၈) ယောက်တက်ရောက်ခဲ့သည်။ MGMA အနေဖြင့် အထည်ချုပ်လုပ်ငန်းစဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ရေး ရည်မှန်းချက်၏တစ်စိတ်တစ်ပိုင်းအနေဖြင့် သင်တန်းကိုလစဉ် ပုံမှန် ပြုလုပ်သွားမည်ဖြစ်သည်။



**Labour Officer of MGMA Lecturing Labour Law Awareness**



**Labour Officer of MGMA Lecturing Labour Law Awareness**

# အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၂၀)



Batch – 220 Group Photo



MGMA Conducting Labour Law Awareness

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ ကြီးမှူးပြီး အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၂၀) ကို ၂၀၂၃ ခုနှစ်၊ မေလ ၁၅ ရက်မှ ဇွန်လ ၂ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

သင်တန်းတွင် အထည်ချုပ်လုပ်ခြင်းဆိုင်ရာတွင် သိသင့်သိထိုက်သည့် ဗဟုသုတများ၊ ချုပ်နည်းအဆင့်ဆင့်များကို လက်တွေ့သင်ကြားမှုများဖြင့် သင်ကြားပေးခဲ့ပြီး MGMA မှအလုပ်သမားဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပေးခဲ့သည်။ သင်တန်းသို့ သင်တန်းသား (၃၈) ယောက်တက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။







Trainer of MGHRDC Presenting Training Method



Practice Session



Participants



Practice Session

# အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် ( ၂၂၁ )



Batch – 221 Group Photo



MGMA Conducting Labour Law Awareness

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ ကြီးမှူးပြီး အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၂၁) ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၅ ရက်မှ ၂၃ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

သင်တန်းတွင် အထည်ချုပ်လုပ်ခြင်းဆိုင်ရာတွင် သိသင့်သိထိုက်သည့် ဗဟုသုတများ၊ ချုပ်နည်းအဆင့်ဆင့်များကို လက်တွေ့သင်ကြားမှုများဖြင့် သင်ကြားပေးခဲ့ပြီး MGMA မှအလုပ်သမားဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပေးခဲ့သည်။ သင်တန်းသို့ သင်တန်းသား (၂၅) ယောက်တက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။







Trainer of MGHRDC Presenting Training Method



Practice Session



Participants



Practice Session

# အလုပ်သမားဥပဒေလေးစားလိုက်နာမှုဆိုင်ရာ ကိုယ့်ကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်း (VLCA)


မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၏ Voluntary Labour Compliance Assessment အစီအစဉ်အဖြစ် ၂၀၂၃ ခုနှစ်၊ ဇွန်လတွင် အသင်းဝင်စက်ရုံ (၆) ရုံ သို့သွားရောက်စစ်ဆေးခဲ့သည်။ အဆိုပါ (၆) ရုံမှာ Kaixi (Myanmar) Fashion Co.,Ltd, Feng Teng Garment Co.,Ltd, Golden KTK Garment, Kamcaine MFG (Myanmar) Co.,Ltd, An&Brothers Manufacturing Co.,Ltd, နှင့် New Forest Co.,Ltd တို့ဖြစ်သည်။



Kaixi (Myanmar) Fashion Co.,Ltd



Kaixi (Myanmar) Fashion Co.,Ltd



An & Brothers Manufacturing Co.,Ltd



An & Brothers Manufacturing Co.,Ltd

Kaixi (Myanmar) Fashion Co.,Ltd သို့ ဇွန်လ ၆ ရက်တွင်လည်းကောင်း၊ Feng Teng Garment Co.,Ltd သို့ ဇွန်လ ၇ ရက်တွင်လည်းကောင်း၊ Golden KTK Garment သို့ ဇွန်လ ၉ ရက်တွင်လည်းကောင်း၊ Kamcaine MFG (Myanmar) Co.,Ltd သို့ ဇွန်လ ၁၄ ရက်တွင်လည်းကောင်း၊ An & Brothers Manufacturing Co.,Ltd သို့ ဇွန်လ ၁၅ ရက်တွင်လည်းကောင်း၊ New Forest Co.,Ltd သို့ ဇွန်လ ၂၇ ရက်တွင်လည်းကောင်းသွားရောက်စစ်ဆေးခဲ့သည်။



Kamcaine MFG (Myanmar) Co.,Ltd



New Forest Co.,Ltd



Feng Teng Garment Co.,Ltd



Golden KTK Garment

MGMA ၏ Labour Officer မှသွားရောက်ကာ VLCA အစီအစဉ်တွင်အကျုံးဝင်သည့်စာရွက်စာတမ်းအားလုံးနှင့်ကိုက်ညီမှုရှိ၊မရှိကို အသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့သည်။ Voluntary Labour Compliance Assessment သည် ၂၀၁၉ ခုနှစ်တွင် MGMA နှင့် ILO/ACTEMP တို့ပူးပေါင်းအကောင်အထည်ဖော်ခဲ့သည့် အလုပ်သမားဥပဒေလေးစားလိုက်နာမှုဆိုင်ရာ ကိုယ့်ကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်းအစီအစဉ်တစ်ခုဖြစ်ပြီး ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် တွင် တရားဝင်ကြေညာခဲ့သည်။

# Raising Awareness on Recommended Diets & Healthy Behaviours and Workplace Nutrition Support to Companies and Factories




MGMA ၏ ပံ့ပိုးကူညီမှုဖြင့် MGMA အသင်းဝင်များစက်ရုံများ ပူးပေါင်းပါဝင်ခဲ့သည့် Raising Awareness on Recommended Diets & Healthy Behaviours and Workplace Nutrition Support to Companies and Factories အလုပ်ရုံဆွေးနွေးပွဲကို SUN Business Network (SBN) မှကြီးမှူးပြီး ဇွန်လ ၂၈ ရက် Pan Pacific Hotel, Emerald-Amber Meeting Room ၌ပြုလုပ်ခဲ့သည်။

ပထမဦးစွာ Head of Nutrition from World Food Programme မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး MGMA ၏ မန်နေဂျင်းဒါရိုက်တာ မှ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲတွင် National Coordinator of SUN Business Network (SBN) Myanmar မှ မြန်မာနိုင်ငံ၏အာဟာရအခြေအနေအားတင်ပြခြင်း နှင့် အာဟာရမြှင့်တင်ရေး စီးပွားရေးလုပ်ငန်းများ ကွန်ရက် အကြောင်းများကိုမိတ်ဆက်ပေးခဲ့ပြီး Program Manager of SCI LEARN team မှ အာဟာရချို့တဲ့ခြင်းသဘောတရားနှင့် အကျိုးဆက်များအား ရှင်းလင်းတင်းပြခဲ့သည့်အပြင် အခြေခံအစားအသောက်လမ်းညွှန်ချက်များ (FBDG) နှင့် ကျန်းမာရေးနှင့်ညီညွတ်သော အာဟာရဆိုင်ရာအလေ့အကျင့်များအား အသိပညာပေးခြင်းများပြုလုပ်ခဲ့ သည်။

ဆွေးနွေးပွဲအား Healthy Food at Work Guidebook နှင့် လုပ်ငန်းခွင်တွင် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများရရှိရေးနှင့် ပံ့ပိုးပေးမှုအတွက် အစားအသောက်လမ်းညွှန်များနှင့်အတူ လုပ်ငန်းခွင်အတွင်း အာဟာရတိုးတက်ကောင်းမွန်လာစေရန် အလားအလာရှိသောလုပ်ဆောင်ချက်များကိုမျှဝေရန် ရည်ရွယ်ပြီး ပြုလုပ်ခြင်းဖြစ်သည်။

ဆွေးနွေးပွဲသို့ အထည်ချုပ်လုပ်ငန်းရှင်များ၊ စားသောက်ကုန်ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင်များ၊ Made Myanmar, UNICEF Food Programme, Wilmar Myanmar တို့မှ တာဝန်ရှိသူများ နှင့် street vendor များ၏အရောင်းကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။


SBN Business Network Myanmar


Tina









## UPCOMING ACTIVITIES

| No. | Description | Date & Time | Venue |
|---|---|---|---|
| 1. | Labour Law Awareness Training | TBC | MGHRDC |
| 2. | Apparel sourcing in Paris | 3-5 July | Paris |
| 3. | Basic Operator level training | TBC | MGHRDC |
| 4. | Networking exchange dinner with 4 garment cluster association | 21 July | TBC |

## MEMBERSHIP UPDATE

New Members in June 2023

| **Country** | **No. of New Member Factories** |
|---|---|
| China | 1 |
| Myanmar | 1 |
| Total | 2 |

Membership Update as of June 2023

| **Status** | **Country** | **No. of Factories** |
|---|---|---|
| Active | Myanmar | 61 |
| | China | 312 |
| | Korea | 55 |
| | Japan | 18 |
| | Others | 21 |
| | Joint Venture | 29 |
| | Local, Sub-Con, Marketing, Inspection ,Textile | 55 |
| Total (Active) | | 552 |
| Total (Inactive) | | 259 |
| Grand Total | | 811 |